

ဘာသာပြန် စာရေးဆရာ – အပြုံးလေး

# သိုင်းပါရဂူ

(ချင်းချန်)

(Chapter 1871 - 1890)

စာစဉ်–၉၆

# အပိုင်း ( ၁၈၇၁ )

ရွှမ်ယွမ်အင်ပါယာ နယ်မြေလထဲတွင် ချင်းချန်သည် မုယောင်ဘင်းယန်အား သတ်ဖြတ်ရန် ဆုံးဖြတ်ကာ သူမ၏ ခေါင်းအားရိုက်ခွဲလိုက်ခြင်းဖြစ်၏။ သို့သော် သူ၏ လက်ဖဝါးက မုယောင်ဘင်းယန်၏ ဦးခေါင်းဆီသို့ မရောက်ရှိမည် ရုတ်တရက် အလွန် အန္တရာယ်များသော ခံစားချက်တစ်ခုက ချင်းချန်၏ နှလုံးသားအောက်ခြေမှ ထွက်ပေါ်လာသည်။

မုယောင်ဘင်းယန်၏ ခန္ဓာကိုယ်မှ ကြောက်မက်ဖွယ်ကောင်းသော စွမ်းအားတစ်ခု ပေါက်ကွဲ ထွက်လာ၏။

ထိုစွမ်းအားက ချင်းချန်၏ ရိုက်ချက်ကို တားဆီးလိုက်ရုံသာမက ချင်းချန်ကိုပင် အဝေးသို့ လွင့်ပျံထွက်သွားစေသည်။

မုယောင်ဘင်းယန်၏ ခန္ဓာကိုယ်မှ အလင်းတန်းတစ်ခုထွက်ပေါ်လာခဲ့ပြီး လေထုထဲတွင် ချက်ချင်းပင် လှပသော ပုံရိပ်လေးတစ်ခု ထွက်ပေါ်လာ၏။

ထိုလှပသော ပုံရိပ်လေးမှ မြင့်မြတ်သော အော်ရာများ ထွက်ပေါ်နေခဲ့ပြီး သူမ၏ မျက်လုံးထဲတွင် ကြယ်များက တောက်ပနေခဲ့ကာ သူမ၏ အော်ရာက အုပ်စိုးသူတစ်ယောက်၏ အော်ရာလို ကောင်း ကင်နှင့်မြေကြီးကို လွှမ်းခြုံသွားပြီး ချင်းချန်အား စိုက်ကြည့်နေသည်။

" တိမ်တိုက်မြူခိုးနန်းတော်က နန်းတော်သခင်မငယ်ကို သတ်ရဲတယ်ဆို

တော့ နင်က တော်တော်သတ္တိ ကောင်းတာပဲ "

သတ်ဖြတ်ခြင်းအငွေ့အသက်များ ထွက်ပေါ်နေသည့် အသံတစ်ခု ထွက်ပေါ်နေခဲ့ပြီး အေးစက်ပြီး မမြင်နိုင်သည့်စွမ်းအားတစ်ခုက ချင်းချန်၏ ခန္ဓာကိုယ်သို့ ထိုးဖောက်ဝင်ရောက်လာ၏။

ချင်းချန်၏ ခန္ဓာကိုယ်တစ်ခုလုံးက အပ်ပေါင်းများစွာ ထိုးဖောက်ဝင်ရောက်လာသလို ခံစားလိုက်ရပြီး အလွန်နာကျင်သွားသည်။

ကြောက်စရာကောင်းလွန်းလှ၏။ သူမ၏ အကြည့်က အဘယ့်ကြောင့် ယခုလိုစွမ်းအား ရှိနေခဲ့သနည်း။

" ရှန်ကွမ်းရှင်းအာ "

ချင်းချန်သည် မျက်နှာဖုံးဝတ်ထားကာ သူ၏ အသံက အိုဟောင်းပြီး အေးစက်နေသော်လည်း ထိုအသံထဲတွင် တုန်လှုပ်ခြင်း ဒေါသနှင့်အဆုံးမဲ့ မုန်းတီးမှုများ ပါရှိနေ၏။

သူ ကြောက်ရွံ့နေခြင်းမဟုတ်ပေ။ အလွန် ဒေါသထွက်နေခြင်း ဖြစ်သည်။

နှစ်ပေါင်းသုံးရာကြာပြီးနောက် ချင်းချန်သည် ရှန်ကွမ်းရှင်းအာအား ကိုယ်ပွားတစ်ခုဖြင့်သာ ပထမဆုံးအကြိမ် ပြန်လည်မြင်တွေ့ရခြင်းဖြစ်၏။ ဤသည်က ချင်းချန်ပြန်လည် မွေးဖွားလာပြီးနောက် ရှန်ကွမ်းရှင်းအာအား ပထမဆုံး စတင်ထိပ်တိုက်တွေ့ဆုံခြင်းလည်း ဖြစ်သည်။

ယခင်ဘဝက သူ့အား အကြိမ်ပေါင်းမြောက်များစွာ လှည့်စားခဲ့သော ထိုအမျိုးသမီး၊ သူ၏ ခန္ဓာကိုယ်ထဲသို့ ဓားမြောင်အား တိုက်ရိုက်ထိုးဖူးသော ထိုအမျိုးသမီး၊ သေမင်းချောက်နက်၏ အပေါ်တွင် အေးစက်စွာဖြင့် ရယ်မောနေခဲ့သော ထိုအမျိုးသမီး .....

အတိတ်ကအကြောင်းအရာများက တစ်ခဏချင်းပင် ချင်းချန်၏ အတွေး

ထဲတွင် ထွက်ပေါ်လာပြီး ဒေါသများက သူ၏ ခန္ဓာကိုယ်တွင် ပြည့်နှက်လာ၏။

ထိုအကြောင်းအရာများကို ပြန်စဥ်းစားလျှင် ချင်းချန် ယခုအချိန်အထိ မိန်းမတစ်ယောက်က ဤမျှလောက် အဆိပ်ပြင်းမှန်း နားလည်နိုင်ခြင်း မရှိသေးပေ။

" ဟမ့် တိမ်တိုက်မြူခိုးနန်းတော်က နန်းတော်သခင်မကို သတ်ရဲမှတော့ နင်လဲ သေလိုက်တော့ "

ရှန်ကွမ်းရှင်းအာ အေးစက်စွာပြောလိုက်ပြီး သူမ၏ သွယ်လျသောလက်အား ဆန့်ထုတ်လိုက်လျှင် ဟင်းလင်းပြင်က မိုင်ရာချီရှည်လျားသော အက်ကွဲကြောင်းကြီး ထွက်ပေါ်လာ၏။ ထိုအက်ကွဲကြောင်းကြီးထဲမှ သတ်ဖြတ်ခြင်းဓားသွားတစ်ခု ကျဆင်းလာပြီး ချင်းချန်ဆီသို့ တိုက်ရိုက်တိုးဝင်လာသည်။

" ဟမ့် မင်းက ကိုယ်ပွားလေးတစ်ခုပဲ ငါ့ကိုတားနိုင်မယ် ထင်နေတာလား၊ ငါသတ်ချင်တဲ့သူကို ဘယ်သူမှ မတားနိုင်ဘူး "

ချင်းချန် အေးစက်စွာဖြင့် ပြောလိုက်၏။ ယခု ရှန်ကွမ်းရှင်းအာက မုယောင်ဘင်းယန်၏ ခန္ဓာကိုယ်တွင် ပုန်းအောင်းနေသော ကိုယ်ပွားတစ်ခုမျှသာ ဖြစ်သည်။

ချင်းချန်သည် သူ၏ လက်သီးအား ထိုးထုတ်လိုက်လျှင် ကောင်းကင်ထက်ရှိ ကြောက်မက်ဖွယ်ကောင်းသော သတ်ဖြတ်ခြင်း စွမ်းအားများ အားလုံးက လက်သီးချက်ထဲသို့ ပေါင်းစပ်သွား၏။

ထို့နောက် လက်သီးချက်က လျှပ်စီးလက်သလို ပေါက်ကွဲကာ ထွက်လာသည်။ ရှန်ကွမ်းရှင်းအာသည် မည်မျှပင် သန်မာပါစေ သူမ၏ ခွန်အားများ

အားလုံးက သူ့ကြောင့်ရရှိခြင်းဖြစ်၏။

သို့သော် တိုက်ကွက်နှစ်ခု ထိပ်တိုက်တွေ့ဆုံသွားသည့်အချိန်တွင် ချင်းချန်၏ အမူအရာက ရုတ်ချည်းပြောင်းလဲသွားသည်။

" အုန်း "

ကြောက်မက်ဖွယ် ပေါက်ကွဲသံနှင့်အတူ ကောင်းကင်နှင့်မြေကြီး တုန်ခါသွား၏။ မိုင်ရာချီရှည်လျားသော ဟင်းလင်းပြင် အက်ကွဲကြောင်းကြီးက ပိုမို၍ အက်ကွဲသွားခဲ့ကာ တောကြီးတစ်ခုလုံးက ပြောင်ရှင်းသွားခဲ့ပြီး တောင်များအားလုံးက အမှုန့်ဖြစ်သွားသည်။ သွေးသားရဲများပင် တိုက်ရိုက်ပေါက်ကွဲသွားပြီး အရိုးပင် ကျန်ရှိခဲ့ခြင်း မရှိပေ။

ပေါက်ကွဲသံများကြားတွင် ချင်းချန်၏ ခန္ဓာကိုယ်က မိုင်ပေါင်း ထောင်နှင့်ချီ လွင့်ထွက်သွား၏။ သူ၏ ခန္ဓာကိုယ်တစ်ခုလုံးက သွေးများ ဆူပွက်လာပြီး လည်ချောင်းမှ ထိုသွေးများက ပြို့တက်လာသည်။

" မဖြစ်နိုင်ဘူး "

ချင်းချန် ထိတ်လန့်သွား၏။ သူမြင်နေရသောသူက သူမွေးထုတ်ခဲ့သည့် ရှန်ကွမ်းရှင်းအာလား။

အလွန်ပင်သန်မာလွန်းလှသည်။ ချက်ချင်းပင် ချင်းချန်၏ ခန္ဓာကိုယ်က စွမ်းအားများက သိပ်သည်းစွာ ပေါက်ကွဲထွက်လာ၏။ ကောင်းကင်နှင့်မြေကြီး ဟင်းလင်းပြင်က အက်ရာများထင်လာကာ ထွက်ပေါ်လာသည့် သတ်ဖြတ်ခြင်းစွမ်းအားများက သိပ်သည်းပြီး ကြောက်မက်ဖွယ် ကောင်းလှသည်။ ပျက်စီးခြင်းအော်ရာများက ကမ္ဘာကြီးအား အနီရောင်ပင် ပြောင်းလဲသွားစေ၏။

" အုန်း "

ပြင်းထန်သော တိုက်ပွဲတစ်ခု ချက်ချင်း ဖြစ်ပေါ်လာခဲ့ပြီး မိုင်ရာချီ ရှည်လျားသော လွင်ပြင်ကြီးက အမှုန့်အဖြစ် ပြောင်းလဲသွားခဲ့ကာ ကြီးမားသောနက်ရှိုင်းသည့် ချောက်နက်ကြီးများ ထွက်ပေါ်လာသည်။

ချင်းချန် ယခုအချိန်တွင် ဒေါသထွက်နေပြီ ဖြစ်၏။ ထို့ကြောင့် သူ၏ ခန္ဓာကိုယ်က ထွက်ပေါ်နေသော အော်ရာများနှင့် စွမ်းအားများကလည်း အလွန် ကြောက်မက်ဖွယ် ကောင်းလာသည်။

" အုန်း အုန်း "

" အုန်း "

အဆုံးမရှိသော ကောင်းကင်စည်းမျဉ်း ဥပဒေသစွမ်းအားမျိုးစုံက ချင်းချန်၏ ခန္ဓာကိုယ်တွင် လည် ပတ်နေပြီး ဟင်းလင်းပြင်တာအိုစွမ်းအားက သူ၏ ခန္ဓာကိုယ်အား ရစ်သိုင်းလာ၏။

ချက်ချင်းပင် သူ၏ဟင်းလင်းပြင်တာအို ခန္ဓာကိုယ်မှ ဟင်းလင်းပြင် စွမ်းအားများက မိုင်တစ်သောင်းပတ်လည်ကို ဖြန့်ကျက်သွားခဲ့ပြီး ရှန်ကွမ်း ရှင်းအာအား ချုပ်နှောင်ရန်ကြိုးစားလိုက်သည်။

" ဟင်းလင်းပြင်တာအိုလား "

ရှန်ကွမ်းရှင်းအာ လှောင်ပြုံးပြုံးလိုက်ပြီး သူမ၏ လက်ကိုမြှောက်လိုက် သည်နှင့် ချင်းချန်၏ ဟင်းလင်းပြင်စွမ်းအားများ အားလုံးကအေးခဲကာ ရပ်တန့်သွား၏။

ချင်းချန်၏ ဟင်းလင်းပြင်စွမ်းအားက သူမအပေါ်တွင် ထိရောက်နိုင်ခြင်း မရှိပေ။

" မဖြစ်နိုင်ဘူး "

ချင်းချန်အံ့သြသွားပြန်သည်။ ရှန်ကွမ်းရှင်းအာ၏ ဟင်းလင်းပြင်စွမ်းအား

က သူ့ထက်ပင် ပို၍ မြင့်မားနေ၏။

ဤကမ္ဘာကြီးတွင် ထိုမျှလောက် အားကောင်းသော ဟင်းလင်းပြင်စွမ်းအားက မည်ကဲ့သို့ရှိနေခဲ့သနည်း။

" ငါမယုံဘူး ပျက်စီးစမ်း "

ချင်းချန် အော်ဟစ်လိုက်ပြီး ရှုံးသွပ်စွာ တိုက်ခိုက်လိုက်သည်။ ရှန်ကွမ်းရှင်းအာ၏ ကိုယ်ပွားကိုတောင် သူမထိန်းချုပ်နိုင်လျှင် သူကလဲ့စားချေဖို့က မည်သို့မှ မဖြစ်နိုင်တော့ပေ။

" အုန်း "

သူ၏ ထိုးနှက်မှုအောက်တွင် ကမ္ဘာကြီးက အရောင်ပြောင်းလဲသွားခဲ့ကာ ကြောက်မက်ဖွယ် ပျက်စီးခြင်းစွမ်းအားများက အရှိန်အဟုန်ဖြင့် ရှန်ကွမ်းရှင်းအာ၏ ကိုယ်ပွားထံသို့ တိုးဝင်သွား၏။ ရှန်ကွမ်းရှင်းအာ၏ ကိုယ်ပွားက ပထမဆုံးအကြိမ် မျက်နှာပျက်ယွင်းသွားသည်။

မိုင်ပေါင်း အလွန် ဝေးကွာသော နေရာ၌ ရှန်ကွမ်းရှင်းအာသည် ရှုံးသွပ်စွာဖြင့် တိုက်ပွဲဖြစ်ပွားသည့်နေရာသို့ ပြေးလာနေ၏။ သူမ၏ အရှိန်က မြန်ဆန်းလွန်းလှသည်။ သူမ၏ ပုံသဏ္ဍာန်က ကောင်းကင်အား တိုက်ရိုက်ပင် ထိုးခွဲကာ ဖောက်ထွက်နေပြီး သူမ၏ ခြေတစ်လှမ်းက မိုင်ပေါင်းထောင်နှင့်ချီအောင် ကွာဝေး၏။

ဤအမြန်နှုန်းက တယ်လီပို့အစီရင်များထက်ပင် ပို၍မြန်ဆန်နေသည်။

သူမ၏ ခန္ဓာကိုယ်တစ်ခုလုံးကို အနက်ရောင်အော်ရာများက ဖုံးလွှမ်းနေခဲ့ပြီး ထိုအနက်ရောင်အော်ရာများက အဆုံးမဲ့ဟင်းလင်းပြင် တာအိုစွမ်းအားများ ထွက်ပေါ်နေ၏။

ထိုအရာက ဟင်းလင်းပြင်၏ နက်နဲသော လျှို့ဝှက်စွမ်းအားတစ်မျိုး

ဖြစ်သည်။

မုယောင်ဘင်းယန်ကို ကယ်တင်နိုင်ရန်အတွက် ရှန်ကွမ်းရှင်းအာသည် သူမ၏ ထိုလျှို့ဝှက်ဆန်းကြယ်သော ဟင်းလင်းပြင်စွမ်းအင်ကို တိုက်ရိုက်ပင် ထုတ်သုံးထားခြင်း ဖြစ်သည်။ သူမ၏ သိမ်မွေ့သော မျက်နှာက အနည်းငယ် နီရဲနေ၏။ ထိုစွမ်းအားကို ထုတ်သုံးဖို့အတွက် သူမသည်လည်း ကြီးမားသော ဖိအားကို ခံစားနေရသည်မှာ ထင်ရှားသည်။

ထိုအချိန်တွင် အလျင်အမြန်သွားနေသော ရှန်ကွမ်းရှင်းအာ၏ မျက်နှာအမူအရာက ပြောင်းလဲသွား၏။

" သတ်ဖြတ်ခြင်းနဲ့ ဖျက်ဆီးခြင်းတာအို ဘယ်လောက်တောင် အစွမ်းထက်တဲ့ တာအိုနှစ်ခုလဲ "

" ဒီဖျက်ဆီးခြင်းတာအို စွမ်းအား … ငရဲမှာတောင် ငါဒီလိုမျိုး ဖျက်ဆီးခြင်းစွမ်းအားကို မမြင်ဖူးဘူး "

ရှန်ကွမ်းရှင်းအာ သူမ၏ ဝိညာဉ်မှ မြင်နေရသော အရာများကို ချက်ချင်းမမြင်နိုင်သော်လည်း သူမ၏ ဝိညာဉ်ခံစားနေရသော အရာများကိုတော့ ခံစားသိရှိနိုင်လေ၏။

" ဟမ့် နင်က ဘယ်သူပဲ ဖြစ်နေပါစေ ဘင်းယန်ကို သတ်ဖို့အတွက် လုပ်ရဲတယ်ဆိုတော့ နင်က ဒီကမ္ဘာကြီးမှာ ဆက်ပြီးတော့ အသက်ဆက်ရှင်သန်ဖို့ မလိုတော့ဘူး "

ရှန်ကွမ်းရှင်းအာ၏ ဒေါသတကြီးကြိမ်းမောင်းသံနှင့်အတူ သူမ၏ ခန္ဓာကိုယ်မှ ဝိညာဉ်စွမ်းအားလှိုင်းတစ်ခုက ဟင်းလင်း ပြင်ထဲသို့ ထိုးဖောက်ဝင်ရောက်သွားသည်။

ထို့နောက် ချင်းချန်နှင့် တိုက်ပွဲဖြစ်သွားသည့်နေရာရှိ ကောင်းကင်က

ကြီးမားသော အက်ကွဲကြောင်းကြီး ထွက်ပေါ်လာခဲ့ပြီး ထိုထဲမှ ကြောက်မက်ဖွယ်စွမ်း အားတစ်ခုက ရှန်ကွမ်းရှင်းအာ၏ ဝိညာဉ်ပုံရိပ်ထဲသို့ တိုက်ရိုက် တိုးဝင်သွား၏။

***

# အပိုင်း ( ၁၈၇၂ )

ရွှမ်ယွမ်အင်ပါယာ ယောင်ကျိုးမြို့တော်အပြင်ဘက်၌ ...

ချင်းချန်၏ အဖျက်စီးစွမ်းအားများ အောက်တွင် ရှန်ကွမ်းရှင်းအာ၏ ပုံရိပ်က ဝေဝါးသွားခဲ့ပြီး ဟင်း လင်းပြင်ထဲသို့ ဝင်ရောက်ကာ ပျောက်ကွယ်သွားသည်။ ထို့နောက် ချင်းချန်၏ အနောက်တွင် ပြန်လည်ထွက်ပေါ်လာ၏။

သို့သော် သူမ ချက်ချင်းတိုက်ခိုက်ခြင်း မရှိပဲ ဦးခေါင်းအား မော့လိုက်လျှင် မျက်ခုံးနှစ်ခုကြား၌ တောက်ပသော ရဏ်းတစ်ခုက လင်းလက်လာသော်။ ထို့နောက် သူမ၏ ရှေ့ရှိ ဟင်းလင်းပြင် ကောင်းကင်ကြီး၌ ကြီးမားသော လမ်းကြောင်းကြီးတစ်ခု ပွင့်လာ၏။

" ဝိညာဉ်ချိတ်ဆက်ခြင်း "

မမြင်နိုင်သော စွမ်းအားတစ်ခုက ပျံ့နှံ့လာခဲ့ပြီး ထိုအရာက ဟင်းလင်းပြင်စွမ်းအားမဟုတ်ပေ။ ထိုစွမ်းအားက လျှို့ဝှက်ဆန်းကြယ်လှကာ ချင်းချန်၏ နှလုံးသား၌ အန္တရာယ်အချက်ပေး ခေါင်းလောင်းများကို အော်မြည်လာစေ၏။

" ဒါက ဘယ်လိုစွမ်းအားလဲ "

ချင်းချန်၏ မျက်နှာ ပျက်ယွင်းသွားခဲ့ကာ သူ၏ လက်နှစ်ဖက်မှ လက်သီး

ချက်များက သတ်ဖြတ်ခြင်းနှင့် ဖျက်ဆီးခြင်းတာအိုကို သယ်ဆောင်ကာ ထပ်မံ၍ လှုပ်ရှားသွားသည်။

သို့သော် ကောင်းကင်ထက်ရှိ ကြီးမားစွာ ပွင့်နေသော လမ်းကြောင်းမှာ ရှန်ကွမ်းရှင်းအာ၏ ဝိညာဥ်ကိုယ်ပွားထံသို့ ကြောက်မက်ဖွယ်ကောင်းသော စွမ်းအားတစ်ခုက ဆက်လက် စီးဝင်နေခဲ့ပြီး ရှန်ကွမ်းရှင်းအာ၏ ဝိညာဥ်ကိုယ်ပွားက စွမ်းအားများက တဟုန်ထိုး နှစ်ဆမြင့်တက်သွား၏။

" အုန်း "

သူမ၏ လက်တစ်ဖက်ကို ဆန့်ထုတ်လိုက်လျှင် ချင်းချန်၏ လက်သီးချက်များ အားလုံး ချက်ချင်း ချေမွကာ စုတ်ဖြဲခံလိုက်ရလေ၏။

ထို့နောက် သူမ၏ လက်ဝါးက ချင်းချန်၏ ရင်ဘက်ပေါ်သို့ တိုက်ရိုက်ပင် ဟင်းလင်းပြင်အား ဖောက်ထွက်ကာ ကျဆင်းလာသည်။

အရှိန်က အလွန်ပင် လျင်မြန်လွန်းသောကြောင့် ချင်းချန်သည် လုံးဝ ရှောင်ရှားလိုက်နိုင်ခြင်း မရှိပေ။

" ဖုန်း "

ချင်းချန် လွင့်ထွက်သွားပြီး မချိုးဖောက်နိုင်သော နတ်ဘုရားခန္ဓာကိုယ် အဆင့်ရှစ်ကပင် ထိုလက်ဝါးရိုက်ချက်အား တောင့်ခံနိုင်ခြင်းမရှိပဲ သူ၏ ခန္ဓာကိုယ်တစ်ခုလုံးက သွေးချင်းချင်း နီရဲသွား၏။

အကယ်၍ ယခုဏက ရိုက်ချက်တွင် သူသည် ဟင်းလင်းပြင်တာအို ခန္ဓာကိုယ်ကိုပါ မကျင့်ကြံနိုင်ထားပါက ခန္ဓာကိုယ်တစ်ခုလုံး တစ်စစီ ပျက်စီးသွားမည် ဖြစ်သည်။

" မဟုတ်ဘူး ရှန်ကွမ်းရှင်းအာရဲ့ ဝိညာဥ်ကိုယ်ပွားက မူလခန္ဓာကိုယ်နဲ့ ချိတ်ဆက်ပြီးတော့ စွမ်းအားကို ပို့လွှတ်နေတာပဲ "

ချင်းချန်၏ မျက်နှာအမူအရာက ပြောင်းလဲသွားခ၏။ ရှန်ကွမ်းရှင်းအာ၏ ဝိညာဥ်ကိုယ်ပွားထဲသို့ စီးဝင်နေသော စွမ်းအားများက မူလခန္ဓာကိုယ်မှ စွမ်းအားများဆိုတာကို သူသည် ချက်ချင်း ရိပ်မိလိုက်သည်။

တစ်နည်းဆိုရသော် ရှန်ကွမ်းရှင်းအာ၏ ခန္ဓာကိုယ်အစစ်အမှန်က ဤနေရာသို့ လျင်မြန်စွာ ရောက်ရှိလာနေသည်ဟု ဆိုနိုင်၏။

" မဟုတ်ဘူး သူမ မရောက်ခင် မုယောင်ဘင်းယန်ကို သတ်မှရမယ် "

ခန္ဓာကိုယ်အစစ်က မရောက်ရှိလာသေးခင် မူလဝိညာဥ် ကိုယ်ပွားတစ်ခုကပင် သူ့အား ပြင်းထန်စွာ ဒဏ်ရာရရှိသွားစေ၏။ ထို့ကြောင့် ရှန်ကွမ်းရှင်းအာ၏ အစစ်အမှန်ခွန်အားက မည်မျှကြောက်မက်ဖွယ် ကောင်းသည်ဆိုတာကို ချင်းချန် စိတ်ကူးပင် လုံးဝ မယဥ်နိုင်တော့ပေ။

" လာဟိုယွမ် ငါ့ကို ကူညီပေး "

ချင်းချန် ချက်ချင်းပင် ဟင်းလင်းပြင်ကျောက်စိမ်းပြားထဲမှ လာဟိုယွမ်အား အကူအညီ တောင်းလိုက်၏။

အဘယ့်ကြောင့်ဆိုသော် သူ၏ သတ်ဖြတ်ခြင်းတာအိုစွမ်းအား၊ ဟင်းလင်းပြင်တာအိုစွမ်းအားနှင့် ဖျက်ဆီးခြင်းတာအိုစွမ်းအားကို ဆက်လက်၍ အားကိုးနေပါက ရှန်ကွမ်းရှင်းအာ၏ ဝိညာဥ်ကိုယ်ပွားအား လုံးဝ အနိုင်မယူနိုင်ဘူးဟု သူခံစားနေရသောကြောင့် ဖြစ်သည်။

တကယ်တမ်းတော့ ချင်းချန်တွင် လျှို့ဝှက်ဆန်း ကြယ်သော သံချေးတက်ဓားနှင့် ထိုက်လီမိုးကြိုးဓား၊ နတ်ဆိုးနှိမ်နင်းခြင်းမီးဖို စသည့် ရတနာပစ္စည်းပေါင်း မြောက်များစွာ ရှိ၏။ သို့သော် ချင်းချန် ထိုအရာများကို ထုတ်သုံးရဲခြင်း မရှိပေ။

အဘယ့်ကြောင့်ဆိုသော် ထိုရတနာများကို ထုတ်သုံးလိုက်သည်နှင့်

တစ်ဖက်လူက သူမည်သူနည်းဆို သည်ကို ချက်ချင်းပင် ဖော်ထုတ်နိုင်သွားမည် ဖြစ်၏။

သို့သော် လာဟိုယွမ်ကတော့ ကွဲပြားခြားနားလေသည်။ ၎င်းအား ကောင်းမွန်စွာ ဖုံးကွယ်နိုင်သဖြင့် ရှန်ကွမ်းရှင်းအာက သူ၏ တည်ရှိမှုအား သိရှိနိုင်မည် မဟုတ်ပေ။

" ကောင်းပြီ "

လာဟိုယွမ် ချက်ချင်းသဘောတူလိုက်ပြီး ချင်းချန်၏ ခန္ဓာကိုယ်ထဲသို့ မူလသွေးသားရဲ၏ သန်မာသော ခွန်အားက စီးဝင်လာသည်။

" သေစမ်း "

ချင်းချန်၏ အော်ရာများက ပြင်းထန်စွာ ပေါက်ကွဲထွက်လာခဲ့ပြီး ယခုအချိန်တွင် သူထုတ်ဖော်လိုက်သော လက်သီးက ကောင်းကင်ကြီး အက်ကွဲသွားစေပြီး မိုင်တစ်ထောင်အား သေခြင်းနှင့် ပျက်စီးခြင်းစွမ်းအားများ ဖုံးလွှမ်းသွားခဲ့ကာ ရှန်ကွမ်းရှင်းအာ၏ ဝိညာဉ်က တုန်ခါသွားသည်။

သို့သော် ရှန်ကွမ်းရှင်းအာ၏ ဝိညာဉ်ကိုယ်ပွားက ယခုအချိန်ထိ ဆက်လက်တည်ရှိနေတုန်းပင်။

" မင်းက ဘာလို့အဲ့လောက်တောင် သန်မာနေရတာလဲ "

ချင်းချန် အံ့သြသွားခဲ့ပြန်၏။

ဤသည်မှာ သူ၏ အစွမ်းကုန် တိုက်ခိုက်မှုတစ်ခု ဖြစ်သည်။

ထိုစွမ်းအားနှင့် သူ၏ သွေးမျိုးဆက်စွမ်းအား တစ်ခြားအထူးနည်းစနစ်များနှင့် သူ၏ စစ်မှန်သော ခွန်အားကို အသုံးပြုနိုင်သော်လည်း လာဟိုယွမ်နှင့် သူ၏ ခန္ဓာကိုယ်ခွန်အားက အမြင့်ဆုံးထိ ပေါင်းစပ်ထားခြင်း ဖြစ်သည်။

သို့သော် ရှန်ကွမ်းရှင်းအာ၏ ဝိညာဥ်ကိုယ်ပွားလေးတစ်ခုကိုတောင် သတ်ဖြတ်နိုင်ခြင်း မရှိပေ။

ချင်းချန် လာဟိုယွမ်၏ ခွန်အားနှင့် ပေါင်းစပ်ကာ ထိုးထုတ်လိုက်သော လက်သီးက ဤကမ္ဘာကြီး၏ အထွတ်ထိပ် ကျင့်ကြံသူတစ်ယောက်ကို မသေဆုံးလျှင်တောင်မှ သေဆုံးလုနီးပါး ဒဏ်ရာရရှိသွားစေနိုင်၏။

သို့သော် ရှန်ကွမ်းရှင်းအာ၏ ဝိညာဥ်ကိုယ်ပွားလေး တစ်ခုကိုတော့ ဖျက်ဆီးနိုင်ခဲ့ခြင်း မရှိပေ။

ထိုအရာက သူ့အား အလွန်ပင် အံ့ဩကာ ထိတ်လန့်သွားစေသည်။

" ကောင်လေးချင်းချန် ဒီရှန်ကွမ်းရှင်းအာရဲ့ ခွန်အားက အထွတ်ထိပ်သိုင်းနယ်ပယ်ထက် အများကြီး သာလွန်နေပြီ "

ထိုအချိန်တွင် လာဟိုယွမ်၏ လေးနက်နေသော အသံက ချင်းချန်၏ စိတ်ဝိညာဥ်ထဲ၌ ထွက်ပေါ်လာ၏။

" အထွတ်ထိပ်နယ်ပယ်ထက် တော်တော်လေးကို သာလွန်နေပြီ ဟုတ်လား၊ ဘာကိုဆိုလိုချင်တာလဲ "

ချင်းချန် အံ့ဩသွားသည်။

" ရှန်ကွမ်းရှင်းအာရဲ့ ကိုယ်ပွားကနေ ငါခံစားနေရတာက သူမရဲ့ခွန်အားက ဒီကမ္ဘာကြီးရဲ့ ဖြစ်တည်မှုထက် ကျော်လွန်နေတယ်ဆိုတာပဲ၊ သူ့ရဲ့ ခန္ဓာကိုယ်အစစ်ကို မမြင်ရသေးတော့ သေချာမခန့်မှန်းနိုင်ပေမဲ့ သေချာပေါက် သူမရဲ့ခွန်အားက ကောင်းကင်ဘုံနယ်ပယ်ကို ထိတွေ့နိုင်တဲ့ အဆင့် ရောက်နေပြီ "

ချင်းချန် လေးပင်စွာ အသက်ပြင်းပြင်း ရှူထုတ်လိုက်၏။ ရှန်ကွမ်းရှင်းအာ၏ ခွန်အားကို သူသည် လျှော့တွက်ခဲ့ခြင်း မရှိသော်လည်း ယခုလောက်

ထိ မြင့်မားနေမည်ဟု မထင်မှတ်ထားခဲ့ပေ။

သူ၏ရင်ထဲတွင် နားမလည်နိုင်သော ထိတ်လန့်မှုများ အစဥ်အမြဲ ရှိနေသည်မှာ အံ့သြစရာ မရှိတော့ပေ။

" ဒါဆိုရင် ဒီကိုယ်ပွားကို ငါမသတ်နိုင်တော့ဘူးပေါ့ "

ချင်းချန် ဒေါသထွက်စွာဖြင့် ပြန်လည်မေးမြန်းလိုက်၏။

" အဲ့လိုတော့ မဟုတ်ဘူး၊ သူ့ရဲ့ကိုယ်ပွားကို သတ်ဖြတ်ဖို့ဆိုရင် ငါမင်းရဲ့ ခန္ဓာကိုယ်ထဲကို အကန့်အသတ်ထိ ရောက်ရှိနိုင်တဲ့အထိ စွမ်းအားတွေ ထည့်သွင်းပေးရလိမ့်မယ်၊ ပြီးတော့ မင်းရဲ့ ရတနာပစ္စည်းတွေကိုလည်း ထုတ်သုံးရလိမ့်မယ်၊ ဒါဆိုရင် သူမရဲ့ကိုယ်ပွားကို သတ်နိုင်ဖို့အတွက် ခြောက်ဆယ်ရာခိုင်နှုန်း အခွင့်အရေးရှိတယ်၊ ဒါပေမဲ့ အဲ့ဒီ့လို ထုတ်သုံးလိုက်ပြီဆိုရင် မင်းရောငါရောရဲ့ ဇစ်မြစ်က ထွက်ပေါ်သွားနိုင်တယ် "

ထိုစကားအားကြားလျှင် ချင်းချန်၏ နှလုံးသားက လေးလံသွားသည်။

ဤအရာသည် ရှန်ကွမ်းရှင်းအာ၏ ကိုယ်ပွားလေးတစ်ခုသာဖြစ်ပြီး လာဟိုယွမ်နှင့် သူ၏ဇစ်မြစ်ကို ဖော်ထုတ်ပြသရန်မှာ ထိုက်တန်ခြင်းမရှိပေ။

" မဟုတ်ဘူး "

ချင်းချန် ထိုသို့တွေးနေရင်း ရုတ်တရက် သူ၏ မျက်လုံးများက ကျဥ်းမြောင်းသွား၏။ သူ၏ ခေါင်းကို လှည့်ကြည့်လိုက်လျှင် အလွန်မဝေးကွာသော နေရာတစ်ခုမှ ကြောက်မက်ဖွယ်စွမ်းအားများ ဤနေရာသို့ လျင်မြန်စွာ လာနေသည်ကို ခံစားလိုက်ရသည်။

" ဒီလူတွေက ယောင်ကျိုးမြို့တော်က ရွှမ်ယွမ်အင်ပါယာရဲ့ သန်မာတဲ့ ကျင့်ကြံသူတွေဖြစ်နေမလား "

ချင်းချန်၏ နှလုံးသားက လေးလံသွား၏။

ယောင်ကျိုးမြို့တော်ရှိ ထိပ်သီးကျင့်ကြံသူများ၏ တုံ့ပြန်မှုက အလွန်ပင် လျင်မြန်လွန်းလှသည်။

ယောင်ကျိုးမြို့တော်ရှိ ထိပ်သီးကျင့်ကြံသူများ ဤနေရာရှိ တိုက်ပွဲမှ ပြင်းထန်သော အတက်အကျလှိုင်းများကို ခံစားလိုက်ရသဖြင့် ဤနေရာသို့ ချက်ချင်းရောက်ရှိလာခြင်း ဖြစ်ရပေမည်။

ထိုသူများ ရောက်ရှိလာခြင်းက ချင်းချန်၏ ဆုံးဖြတ်ချက်ကို ပိုမို၍ ပြတ်သားသွားစေ၏။

" သွားမယ် "

သူ အသက်ပြင်းပြင်း ရှူလိုက်ကာ အနောက်သို့လှည့်မကြည့်ပဲ ချက်ချင်း ပင် ဟင်းလင်းပြင်ထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားသည်။

သူ၏ ခွန်အားအစစ်အမှန်ကို ထုတ်သုံးမှသာ ရှန်ကွမ်းရှင်းအာ၏ ကိုယ် ပွားအား ဖျက်ဆီးပြီး မုယောင်ဘင်းယန်ကို သတ်ဖြတ်နိုင်ပေမည်။

သို့သော် ဆန့်ကျင်ဘက်အနေဖြင့် ရှန်ကွမ်းရှင်းအာသည် သူ၏ ဇစ်မြစ်ကို သိရှိသွားပြီး ချန်ဒီခန်းမက အလွန်ပင်ကြီးမားသည့် ဘေးကပ်ဆိုးကြီးနှင့် ရင် ဆိုင်ရမည် ဖြစ်၏။

ထိုသို့သာဆိုလျှင် သူ၏ အစီစဥ်များအားလုံးက အချည်းနှီး ဖြစ်သွားပေ မည်။

ထို့ကြောင့် ချင်းချန် ရှန်ကွမ်းရှင်းအာအား အလွန်မုန်းတီးသော်လည်း ချက်ချင်းပင် ထိုနေရာက ထွက်ခွာလိုက်ခြင်း ဖြစ်သည်။

ထို့နောက် သူ ရွှမ်ယွမ်အင်ပါယာမှ ချက်ချင်း မထွက်ခွာသွားခဲ့ပဲ ယောင် ကျိုးမြို့တော်၏ နံပါတ်တစ်ဂိုဏ်းဖြစ်သော ထျန်းမန်ဂိုဏ်းသို့ လုယက်ရန် အတွက် သွားရောက်လိုက်၏။

ဤနေရာသို့ ရောက်ရှိပြီးမှတော့ ရွှမ်ယွမ်အင်ပါယာနှင့် တိမ်တိုက်မြူခိုး နန်းတော်အား သူဆက်လက်၍ အဆုံးစွန်ထိ ရန်တိုက်ပေးတော့မည် ဖြစ်သည်။

ရှန်ကွမ်းရှင်းအာ၏ ကိုယ်ပွားသည် သူ၏ နောက်သို့ လိုက်လံခြင်းမရှိပေ။ ၎င်းသည် အသိစိတ်မရှိသော ဝိညာဥ်ကိုယ်ပွားတစ်ခုသာ ဖြစ်သောကြောင့် အန္တရာယ်မရှိတော့သည်ကို သိရှိပြီးသည်နှင့် ချက်ချင်း မုယောင်ဘင်းယန်၏ နဖူးကြားထဲသို့ ဝင်ရောက်ကာ ပျောက်ကွယ်သွား၏။

မုယောင်ဘင်းယန်ကတော့ ယခုအချိန်ထိ မေ့မြောနေဆဲ ဖြစ်သည်။

ထိုအချိန်တွင် ...

" အုန်း "

ဟင်းလင်းပြင်က တိုက်ရိုက်အက်ကွဲသွားကာ သန်မာသော ကျင့်ကြံသူများ၏ ပုံရိပ်များ ထွက်ပေါ်လာ၏။

ထိုလူများအားလုံးက ထျန်းမန်ဂိုဏ်း၏ ဝတ်စုံကို ဝတ်ဆင်ထားခဲ့ပြီး သတ်ဖြတ်ခြင်း အော်ရာများက သူတို့၏ ခန္ဓာကိုယ်တွင် ရစ်သိုင်းနေသည်။ ၎င်းတို့အားလုံးက ယောင်ကျိုးမြို့တော်၏ အုပ်စိုးသူ ထျန်းမန်ဂိုဏ်း၏ ဂိုဏ်းချုပ်နှင့် ထိပ်သီးကျင့်ကြံသူများ ဖြစ်ကြသည်။ ၎င်းတို့သည် ကျင့်ကြံနေရင်း ဤနေရာတွင် ကြောက်မက်ဖွယ် တိုက်ပွဲအော်ရာကို ခံစားမိသောကြောင့် အပြေးအလွှား ရောက်ရှိလာခဲ့ခြင်း ဖြစ်၏။

သူတို့ရောက်လာသည်နှင့် တပြိုင်နက် အပျက်အစီးများနှင့် ပြည့်နှက်နေသော သစ်တောကြီးအား ကြည့်ကာ မျက်မှောင်ကြုတ်သွားကြသည်။

သူတို့၏ ရှေ့တွင် မြင်နေရသည့် တိုက်ပွဲမြင်ကွင်းမှာ အလွန်ပင် ကြောက်မက်ဖွယ် ကောင်းလွန်းလှ၏။ တောင်များအားလုံးက ပြိုကျပျက်စီး

နေခဲ့ကာ မြေပြင်ကလဲ အပျက်စီးများနှင့် ပြည့်နှက်နေသည်။

" ဂိုဏ်းချုပ် မြန်မြန်ကြည့် ဒီနေရာမှာ အမျိုးသမီးတစ်ယောက် ရှိနေတယ် "

တစ်စုံတစ်ယောက် မှယောင်ဘင်းယန်အား တွေ့ရှိသွားသည်နှင့် လျှင်မြန်စွာ အော်ဟစ်လိုက်၏။

" မိန်းမတစ်ယောက်လား "

***